တိုင်းဒေသကြီးနှင့်ပြည်နယ် အချို့တွင် မိုးကြီးနိုင်မည့်အခြေအနေ အသိပေးတင်ပြခြင်း

လူသားချင်းစာနာထောက်ထားရေးနှင့်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဝန်ကြီးဌာန

၂၀၂၂ခုနှစ် ဇွန်လ ၇ရက်



Ref: RIMESWRF/MMR

နိုင်ငံတကာ မိုးလေဝသစောင့်ကြည့်လေ့လာရေးဌာနများ၏ ထုတ်ပြန်ချက်များအရ မြန်မာနိုင်ငံ အတွင်း ကရင်ပြည်နယ် (ဘားအံ၊ ကမမောင်း၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ ဖာပွန်၊ ကြာအင်းဆိပ်ကြီး)၊ မွန်ပြည်နယ် (သထုံ၊ ကျိုက်ထို၊ ပေါင်၊ မုဒုံ၊ မော်လမြိုင်၊ ကျိုက္ခမီ)၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ ရခိုင်ပြည်နယ် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ် မြောက်ပိုင်း တို့တွင် ၂၄ နာရီအတွင်း မိုးရေချိန် (၃) လက်မနှင့် အထက် ရွာသွန်းနိုင်ခြေရှိကြောင်း ခန့်မှန်းထားပါသည်။ အထူးသဖြင့် ချင်းပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ စစ်ဘေးရှောင် ပြည်သူများအနေဖြင့် မိုးကြီးခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များကို ကြိုတင်သတိပြုနိုင်ပါရန် နိုးဆော်အပ်ပါသည်။

စစ်ကောင်စီ၏ လူမဆန်သည့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ချင်းပြည်နယ်နှင့် ကရင် ပြည်နယ်အတွင်းရှိ တောင်တောများအတွင်း ရှောင်ပုန်းနေကြရသည့် စစ်ဘေးရှောင် ပြည်သူ များအနေဖြင့် မြစ်ချောင်းများအနီးတွင် အခြေချနေထိုင်ခြင်းနှင့် တောင်စောင်းများတွင် နေထိုင်ခြင်း များကို ရှောင်ရှားသင့်ပါသည်။ ထို့အတူ မိုးထစ်ချုန်းရွာခြင်း၏ နောက်ဆက်တွဲ ဖြစ်သည့် လျှပ်တစ်ပြက် ရေကြီးခြင်း၊ ရုတ်တရက် မြစ်ရေ/ ချောင်းရေများ တက်လာခြင်းနှင့် မြေပြိုခြင်းများ ဖြစ်လာနိုင်သည့် နေရာများကို သတိပြု ရှောင်ရှားပြီး ဘေးလွတ်ရာနေရာများ နေထိုင်ကြပါရန် တိုက်တွန်းအပ်ပါသည်။

©MOHADM, NUG, MYANMAR